အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ကာကွယ်ရေးတပ်မတော်

မိတ်ဆက်

မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်ကို ၂၀၂၁ ခုနှစ်၊ မေလ (၅) ရက် မှစတင်၍ ကာကွယ်ရေးမူဝါဒနှင့်အညီ တရားဝင်ဖွဲ့စည်း ထူထောင်ထားသည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏အလံတော်

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာဓိဋ္ဌာန်(၄)ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီ တိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ရည်ရွယ်ချက်

ပြည်သူ့ကာကွယ်ရေးတပ်မတော်အား ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များမှာ

(၁) ပြည်သူများအပေါ် စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ စစ်ရေးအရ ရန်လိုတိုက်ခိုက်မှုများကို ထိန်းချုပ် အဆုံးသတ်ခြင်းဖြင့် နှစ်ပေါင်းခုနစ်ဆယ်ကျော် ဖြစ်ပွားနေသော ပြည်တွင်းစစ်ချုပ်ငြိမ်းရေး

(၂) ထိရောက်သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေး

(၃) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရာတွင် ရှေ့ပြေးအမြုတေအဖြစ် ပါဝင်ရေး

အဓိကတာဝန်

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အဓိကတာဝန်မှာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ လုပ်ငန်းတာဝန်များ

၁။ ပြည်သူလူထုလုံခြုံရေး၊ ရပ်ရွာဘေးအန္တရာယ်တားဆီးရေးနှင့် ပြည်ထောင်စုကာကွယ်ရေးတို့အတွက် အခြားသော မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ပူးတွဲဆောင်ရွက်ရန်

၂။ အာဏာရှင်အား ခုခံတွန်းလှန်သည့် တရားသောစစ်အား ဆင်နွှဲရန်

၃။ ကာကွယ်ရေးဗျူဟာများ အဆင့်လိုက်ဖွဲ့စည်းရန်

၄။ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်

အရပ်ဘက်အုပ်ချုပ်မှုနှင့်ကွပ်ကဲမှု

ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ရှိသော တပ်မတော်ဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အဆုံးအဖြတ်အာဏာသည် စစ်သေနာပတိတွင်တည်သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် အစိုးရယန္တရား တစ်ခုဖြစ်ပြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးနှင့် ဒုဝန်ကြီးများသည် အစိုးရကက်ဘိနက် အဖွဲ့ဝင်ဖြစ်ပြီး၊ အရပ်သားများဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးသည် အစိုးရ၏ ကာကွယ်ရေးမူဝါဒဆိုင်ရာ အကြံပေးဖြစ်ပြီး၊ ကာကွယ်ရေးမူဝါဒနှင့် ဆက်စပ်သော ကိစ္စရပ်များတွင် မူဝါဒချမှတ်ခြင်း၊ အကောင်အထည် ဖော်ဆောင်ခြင်းများအတွက် တာဝန်ရှိသည်။ စစ်သေနာပတိ၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီး ဌာနအား အုပ်ချုပ်စီမံခွင့်အာဏာရှိသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ရုံးချုပ်၏ တပ်များနေရာချထားခြင်း၊ စစ်ဦးစီး၊ လေ့ကျင့်ရေး၊ကာကွယ်ရေးလုပ်ငန်းဆောင်တာများအားလုံးအတွက် အဓိက Tenant Agency ဖြစ်သည်။

တပ်ဖွဲ့များ

ပြည်သူ့ကာကွယ်ရေးတပ်မတော်တွင် တိုက်ခိုက်ရေးတပ်များနှင့် လက်ရုံးတပ်များ ပါဝင်သည်။

တပ်ဖွဲ့ဝင်များ

ပြည်သူ့ကာကွယ်ရေးတပ်မတော်တွင် အမြဲတမ်းတမ်းတပ်ဖွဲ့ဝင်များ (Active Component) နှင့် အရန်တပ်ဖွဲ့ဝင်များ (Reserve Component) ဟူ၍ နှစ်မျိုးရှိသည်။ အရန်တပ်ဖွဲ့ဝင်များအား စစ်ရေးအသင့်အနေအထားအဖြစ် လေ့ကျင့်ထားပြီး၊ စစ်ပွဲကာလများတွင် တပ်ရင်းတပ်ဖွဲ့အသွင်ဖြင့်ဖြစ်စေ၊ ပြည်သူ့ကာကွယ်ရေးအသွင်ဖြင့် အခြေပြုလှုပ်ရှားရန်ဖြစ်စေ စီမံထားရှိရမည်။

စစ်ဘက်ဆိုင်ရာတန်ဖိုးထားမှု (Military Values)

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စစ်ဘက်ဆိုင်ရာ တန်ဖိုးထားမှုမှာ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်သူလူထု အပေါ်သစ္စာစောင့်သိခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ ရဲရင့်မှုရှိခြင်း၊ ရိုးသားမှုရှိခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ခြင်း၊ Law of Armed Conflicts အပါအဝင် နိုင်ငံတကာ စစ်ဘက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း တို့ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ ယဉ်ကျေးမှု (Military Culture)

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ တပ်ဖွဲ့ဝင်များသည် စစ်ဘက်ဆိုင်ရာဘဝနှင့် ယဉ်ကျေးမှုကို သိရှိ နားလည်ရမည်။ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ အရပ်သားပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကျင့်ဝတ် များကို မည်သည့်အခြေအနေမျိုးတွင်မဆို လေးစားလိုက်နာရမည်။ ကျင့်ဝတ်လိုက်နာမှု အားကောင်းစေသော တပ်ဖွဲ့ဝင်ဖြစ်စေရန်၊ တပ်ဖွဲ့ဝင်ဖြစ်သည့်နေ့မှစ၍ လေ့ကျင့် သင်ကြားရမည်။

Chain of Command

၁။ စစ်သေနာပတိက စစ်ဦးစီးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၂။ ကာကွယ်ရေးဝန်ကြီးသည် စစ်ဦးစီးချုပ်က အဆိုပြုတင်သွင်းသော တပ်မမှူးများ၊ တပ်မဟာမှူးများ၊ တပ်ရင်းမှူး များကို ခန့်အပ်တာဝန်ပေးရမည်။

၃။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ငါးခုဖြင့် ဖွဲ့စည်းထားရှိရမည်။

(က) တိုင်းစစ်ဌာနချုပ် (Division) တစ်ခုတွင် တပ်မဟာ (Brigades) သုံးခု အနည်းဆုံး ဖွဲ့စည်းထားရှိသည်။ ဗိုလ်ချုပ် အဆင့်အရာရှိက တိုင်းမှူးအဖြစ် တာဝန်ယူကွပ်ကဲရမည်။

(ခ) တပ်မဟာတစ်ခုတွင် ခြေလျင်တပ်ရင်း (Battalions) သုံးရင်း၊ အမြောက်တပ်ရင်းတစ်ရင်း၊ အထူးကွန်မင်ဒို တပ်ရင်းတစ်ရင်းဖြင့် ဖွဲ့စည်းထားရှိရမည်။ ဗိုလ်မှူးကြီးအဆင့် အရာရှိက တပ်မဟာမှူးအဖြစ် တာဝန်ယူ ကွပ်ကဲ ရမည်။

(ဂ) တပ်ရင်းတစ်ခုတွင် တပ်ခွဲ (Company) (၄) ခွဲ ဖွဲ့စည်းထားရှိသည်။ ဒုဗိုလ်မှူးကြီးအဆင့် အရာရှိက တပ်ရင်းမှူးအဖြစ်၊ ဗိုလ်မှူးအဆင့်အရာရှိက ဒုတပ်ရင်းမှူးအဖြစ် တာဝန်ယူကွပ်ကဲရမည်။

(ဃ) တပ်ခွဲတစ်ခွဲတွင် တပ်စု (Platoon) (၃) ခု ဖွဲ့စည်းထားရှိသည်။ ဗိုလ်ကြီးအဆင့်အရာရှိက တပ်ခွဲမှူးအဖြစ် တာဝန်ယူကွပ်ကဲရမည်။

(င) တပ်စုတစ်စုတွင် တပ်စိတ် (Squad) (၃) ခု ဖွဲ့စည်းထားရှိသည်။ ဗိုလ်အဆင့်အရာရှိက တပ်စုမှူးအဖြစ် တာဝန်ယူ ကွပ်ကဲရမည်။

(စ) တပ်စိတ်တစ်ခုတွင် အင်အား (၁၀) ယောက်ဖြင့် ဖွဲ့စည်းထားရှိသည်။ တပ်ကြပ်တစ်ဦး၊ ဒုတပ်ကြပ်တစ်ဦး၊ တပ်သား ရှစ်ဦးဖြစ်ပြီး၊ တပ်ကြပ်သည် တပ်စိတ်မှူးအဖြစ် တာဝန်ယူကွပ်ကဲရမည်။

၄။ ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ လက်ရုံးတပ်ဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထားရှိမည်။

တပ်များပေါင်းစပ်ဖွဲ့စည်းခြင်း (Military Integration)

ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် လက်ရှိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် လက်တွဲ၍ ဖက်ဒရယ်တပ်ပေါင်းစု (Federal Alliance) အဖြစ် စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်ပြီး၊ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်အား ဖွဲ့စည်းရာတွင် ပေါင်းစပ်ပါဝင်သွားမည်။